# COVID-19 ရောဂါ ဖြစ်ပွားကူးစက်ပျံ့နှံ့မှု မရှိစေရန် စစ်တွေမြို့နယ်နှင့် ရခိုင်ပြည်နယ်အတွင်းရှိ ရောဂါကူးစက်ဖြစ်ပွားမှုများရှိနေသော မြို့နယ်များ သို့/မှ ခရီးသွားလာမှုများရှိခဲ့ပါက သတင်းပေးပို့ကြပါရန် သတိပေးနှိုးဆော်ပန်ကြားချက်

## (၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၅ ရက်)

မြန်မာနိုင်ငံတွင် (၂၅-၈-၂၀၂၀) ရက်နေ့၊ ည (၈:၃၀) နာရီအချိန်ထိ COVID-19 ဓာတ်ခွဲအတည်ပြု လူနာ (၅၀၄) ဦးရှိပြီး (၆) ဦးသေဆုံးခဲ့ပါသည်။

(၁၆-၈-၂၀၂၀) ရက်နေ့မှ (၂၅-၈-၂၀၂၀) ရက်နေ့၊ ည (၈:၃၀) နာရီအချိန်အထိ ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်တွင် နေထိုင်သူများနှင့် စစ်တွေမြို့နယ် သို့/မှ ခရီးသွားလာသူများတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာစုစုပေါင်း (၁၁၀) ဦးရှိပြီ ဖြစ်ပါသည်။

COVID-19 ရောဂါ ကူးစက်ပျံ့နှံ့မှုကို အချိန်မီထိန်းချုပ်နိုင်ရန်နှင့် ရခိုင်ပြည်နယ် အပါအဝင် အခြားတိုင်းဒေသကြီး/ ပြည်နယ်များအတွင်း ထပ်မံကူးစက်ပျံ့နှံ့မှုမရှိစေရန် ပြည်သူများအနေဖြင့် (၁၀-၈-၂၀၂၀) ရက်နေ့မှစ၍ ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်နှင့် ရခိုင်ပြည်နယ်အတွင်းရှိ ရောဂါကူးစက် ဖြစ်ပွားမှုများရှိနေသော မြို့နယ်များ သို့/မှ ခရီးသွားလာမှုများရှိခဲ့ပါက ရောက်ရှိရာ တိုင်းဒေသကြီး/ ပြည်နယ်များရှိ နီးစပ်ရာကျန်းမာရေးဌာနများနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများသို့ ချက်ချင်းသတင်းပို့၍ ကျန်းမာရေးစစ်ဆေးမှုခံယူရန် လိုအပ်ပါသည်။

သို့မှသာ မိမိတွင်ရောဂါကူးစက်မှုရှိပါက အချိန်မီကုသမှုခံယူနိုင်မည်ဖြစ်ပြီး မိမိမှတစ်ဆင့် မိမိ၏မိသားစုနှင့် နီးစပ်ရာများသို့ ရောဂါကူးစက်ဖြစ်ပွားမှုမှ ကာကွယ်နိုင်မည်ဖြစ်ပါ၍ သတင်းပေးပို့ကာ ကျန်းမာရေးစစ်ဆေးမှုခံယူရန် တိုက်တွန်းနှိုးဆော်ပန်ကြားအပ်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန